မြန်မာတိုင်းရင်းသား အပေါင်းတို့၏ ကြီးမားသော လိုအင်ဆန္ဒကို ဖြည့်ဆည်းရန် ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွသော တိုင်းရင်းသား ခေါင်းဆောင် အပေါင်းတို့သည် "လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယ" ဟူသော အာသီသကို နှလုံးသွင်းလျက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြ၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် မြန်မာနိုင်ငံ့ စည်းပုံ အခြေခံဥပဒေကို ပြဋ္ဌာန်း၍ မြန်မာ့လွတ်လပ်ရေးကို ကြေညာနိုင်ခဲ့လေသည်။

ဤကဲ့သို့ လွတ်လပ်ရေးကို ကြေညာနိုင်အောင် အခြေခံဥပဒေကိုရေးဆွဲအတည်ပြုသည်မှာ လွယ်ကူသည် မဟုတ်ချေ။ လွတ်လပ်ရေးကို ပြင်ဆင်နေသော အခိုက်အတန့်တွင် ဗြိတိသျှအုပ်ချုပ်ရေး၏ လက်ကျန်ဖြစ်သော မျိုးကရက်အင်အားစုတို့သည် တိုင်းရင်းသား အချင်းချင်း သဘောထားကွဲပြားအောင် ကြံဆောင်ခဲ့ကြသည်။ ဤ အန္တရာယ်ကို ကြိုတင်သိမြင်သော ကျွန်ုပ်တို့၏ ခေါင်းဆောင်များသည် မိမိတို့ တည်ဆောက်လျက်ရှိသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခိုင်မာအောင် အလျင်အမြန်အားဖြည့်၍ အခြေခံဥပဒေကို အမြန်ဆုံးပြီးစီးအောင် အားသွန်ခွန်စိုက် ကြိုးပမ်းခဲ့ကြသည်။ ဤကဲ့သို့ ကြိုးပမ်းနေဆဲ လွတ်လပ်ရေး ဗိသုကာဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည် သူရဲကောင်းများသည် မိမိတို့၏ အသက်ကို ပေးလှူပူဇော်ခဲ့ရခြင်းကို တွေ့ရှိလျှင် ကျရောက်ခဲ့သော အန္တရာယ်၏ အတိုင်းအတာ မည်မျှကြီးမားသည်ကို ဆင်ခြင်မိကြပေလိမ့်မည်။

ယင်းကဲ့သို့သော အန္တရာယ်များအကြားတွင် အခြေခံဥပဒေကို အချိန်မီ အမြန်ဆုံးပြီးစီးအောင် ရေးဆွဲကြရသည်။

ဤအကြောင်းအရာတို့နှင့် စပ်လျဉ်းသည့် သမိုင်းဖြစ်ရပ် အမှန်တို့ကို မှန်ကန်သော အထောက်အထား အကိုးအကားတို့ဖြင့် ဤစာအုပ်၌ ဖော်ပြထားပါသည်။